ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# နိုင်ငံရေးအရ ဖိနှိပ်ရန်အတွက် စစ်အစိုးရမှ နိုင်ငံတကာ အကြမ်းဖက်အွန္တရာယ်ကို လက်နက်ကိရိယာတခုသဖွယ် အသုံးချနေခြင်း

နေ့စွဲ – ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်

စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၉/၀၉

ယခုသတင်းပတ်အတွင်း ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး အနေဖြင့် အဖျက်အမှောင့် လုပ်ငန်း၊ အကြမ်းဖက်လုပ်ငန်းများနှင့် ပတ်သက်နေသည်ဟု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ၏ ပြောဆို ထုတ်လွှင့်နေမှုများမှာ လုံး၀ အခြေအမြစ်မဲ့သည့် စွပ်စွဲချက်များသာဖြစ်သည်။ ယခုအဖမ်းအဆီး ခံနေရသူများမှာ မိမိတို့၏ အစည်းအရုံးမှ မဟုတ်သည့်အပြင် ဗမာပြည်သူလူထုတရပ်လုံးအား ထပ်ဆင့် ဖိနှိပ်နိုင်ရန်အတွက် အစိုးရက ကြိုးစား ကျုံးသွင်း ခံသွားရသူများ ဖြစ်ပေသည်။

စက်တင်ဘာလ (၂၃) ရက်၊ ကြာသပတေးနေ့က အစိုးရပိုင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ် (၃) MRTV- 3 မှ လီဆယ် လုပ်ကြံချက်များကို ထုတ်လွှင့်ခဲ့ပြီး၊ အစိုးရပိုင်သတင်းစာ တစ်စောင်ဖြစ်သည့် မြန်မာ့အလင်းသတင်းစာတွင် ယင်းလီဆယ် လုပ်ကြံချက်များကို ထပ်မံ ဖော်ပြခဲ့သည်။

ဦးစွာပထမ ယင်းသတင်းဌာနများမှ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံးသည် ပြည်တွင်း အကြမ်း ဖက်လှုပ်ရှားမှုများကို ကျူးလွန်လျက်ရှိသည်ဟုလည်းကောင်း၊ ဒုတိယ ရန်ကုန်မြို့တွင် အဖမ်းခံရသည့် ရခိုင်လူငယ်များကို (ရ၊ က၊ လ၊ စ) အစည်းအရုံးဝင်များဖြစ်သည်ဟုလည်းကောင်း ဖော်ပြခဲ့သည်။

(ရ၊ က၊ လ၊ စ) သည် ဗမာပြည်တွင် ဒီမိုကရေစီဖြစ်ပေါ်တိုးတက်စေရန်အတွက် အကြမ်းမဖက်နည်းလမ်းများကို အသုံးပြု လုပ်ဆောင်နေသည့် နိုင်ငံရေးအစည်းအရုံး တစ်ခုဖြစ်ရာ နအဖ၏ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် စွပ်စွဲခြင်းမှာ လုံး၀ မှန်ကန်ခြင်း မရှိချေ။ ထို့အပြင် လက်ရှိ ဖမ်းဆီးခံနေရသည်ဟု သတင်းထွက်နေသူများမှာ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသား နှင့် လူငယ်များအစည်းအရုံး၏ အစည်းအရုံးဝင်များလည်း မဟုတ်၊ မိမိတို့နှင့်လည်း မည်သို့မျှ ပတ်သက်ခြင်း မရှိချေ။

ဒေသခံပြည်သူလူထုအတွင်း ညှင်းပမ်းနှိပ်စက်မှု၊ ဖိနှိပ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုပြင်းထန်လာသည့် အတွက် မကြာသေးမီက ရခိုင်ပြည်အနှံ့အပြား၌ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများ၊ လူထုတိုက်ပွဲများ စဉ်ဆက်မပြတ် ပေါ်ပေါက်လျက်ရှိသည်။

လွန်ခဲ့သည့်လက ဒေသခံ လူကြီးသူမများအကြား အလွတ်သဘော ပြောဆိုဆွေးနွေးချက်များကို ပိတ်ပင်ခြင်း၊ ဆန္ဒပြတမ်း ကစားသည့် ဆယ်နှစ်အောက် ကလေးငယ် ဆယ့်နှစ်ယောက်ခန့်ကို ဖမ်းဆီးချုပ်နှောင်ခဲ့ခြင်း စသည် တို့ကို ထောက်ရှုလျှင် စစ်အစိုးရအနေဖြင့် ပြည်သူလူထု၏ အစိုးရဆန့်ကျင်ရေး စိတ်ဓါတ်ကို အကြောက် ပိုလျက် ရှိသည်မှာ ထင်ရှားလှပေသည်။

အစိုးရအနေဖြင့် ရခိုင်လူငယ်များအား ဇာတ်လမ်းဆင် ကျူးသွင်းကာ (ရ၊ က၊ လ၊ စ) အစည်းအရုံးဝင်များဖြစ်သည်ဟု လည်းကောင်း မကြာမီက ရန်ကုန်မြို့တွင်း ဖြစ်ပေါ်ခဲ့သည့် ဗုံးပေါက်ကွဲမှုများအတွက် တာဝန်ရှိပါသည်ဟု လည်းကောင်း အတင်းအကြပ် ဝန်ခံစေကာ မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံးကို အကြမ်းဖက် အစည်းအရုံးအဖြစ် အထင်ရောက်စေရန် စွပ်စွဲ ကြိုးပမ်းလျက် ရှိပေသည်။ နအဖ၏ အဆိုပါ လုပ်ရပ်များတွင်

(၁) မိမိတို့အား စာနာထောက်ခံသူများနှင့် တသီးပုဂ္ဂလ လုပ်ရှားတက်သူများကြားတွင် စိုးရိမ်ကြောက်ရွံ့မှုများ ပေါ်ပေါက်စေပြီး ၎င်းတို့၏ နိုင်ငံရေးယုံကြည်ချက်များကို အကောက်အထည်ဖော် ဆောင်ရွက်ခြင်း မရှိနိုင်စေရန်နှင့် မိမိတို့အား ထောက်ခံခြင်းမှ ရပ်တန့်သွားစေရန်။
(၂) ဒီမိုကရေစီအင်အားစုများအား ပြည်သူလူထုနှင့် နိုင်ငံတကာမှ ပံ့ပိုးထောက်ခံမှု လျော့နည်း သွားစေရန်အတွက် နာမည် ဖျက်ရန်။
(၃) လာမည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၎င်းတို့၏ အမြဲတမ်း ကြီးထွားလျက်ရှိသည့် ကာကွယ်ရေး အသုံးစရိတ်များကို ဖြည့်ဆည်းပေးနိုင်မည့် အစိုးရကိုယ်တိုင် ကမကထပြု အကောင်အထည်ဖော်နေသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ တူးဖော်ရေး စသည့် အမည်ခံ ဖွံ့ဖြိုးရေးလုပ်ငန်းများအား တားဆီးဆန့်ကျင်မှု မှန်သမျှကို နှိမ်နှင်းရန်။

စသည့် ယုတ်မာ ကောက်ကျစ်သည့် ရွှယ်ရည်ချက် (၃) ရပ်ကို တွေ့ရှိရပေသည်။

မိမိတို့သည် လူ့အခွင့်အရေးကို လိုလားထောက်ခံသည့် အစည်းအရုံးတစ်ရပ်အနေဖြင့်

(၁) ပရမ်းဗတာ ရှုပ်နှောင်ဖမ်းဆီးမှုနှင့် ညှင်းပမ်းနှိပ်စက်မှုများကို ပြင်းထန်စွာရှုတ်ချလိုက်သည်။
(၂) သက်ဆိုင်ရာ အာဏာပိုင်များအားလည်း ဗမာပြည်ရှိ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ခံစားနေရသည့် ဒုက္ခကို ထည့်သွင်းစဉ်းစားကာ ထိုကဲ့သို့သော လူမဆန်သည့် လုပ်ရပ်များကို လုံးဝ ရပ်စဲပေးစေ လိုသည်။
(၃) ပြည်သူလူထု တရပ်လုံးအတွက် တရားမျှတ၍ ထင်သာ မြင်သာရှိသည့် ကြားနာ စစ်ဆေးမှု၊ လွတ်လပ်စွာ တရားစီရင်နိုင်မှုများ ရှိစေရန်နှင့် တရားဥပဒေ စိုးမိုးမှုများ ရှိစေရန် တောင်းဆိုလိုက်သည်။
(၄) တိုင်းရင်းသား ပြည်သူလူထုများအကြား အသားအရောင်၊ လူမျိုး၊ ကျား၊မ၊ နိုင်ငံရေးနှင့် ဘာသာရေး ယုံကြည်မှု ကွဲလွဲချက်များ မည်သို့ပင် ရှိစေကာမူ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်စေရန် အဓိပ္ပါယ်ရှိသည့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ပေးရန် အကြံပြုတောင်းဆို လိုက်သည်။

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး ရဲဘော်များ ကိုယ်စား

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

အသေးစိပ် သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်


ကိုထွန်းဇော်

တွဲဖက်အတွင်းရေးမှူး (၁)

ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)

ဗဟိုဌာနချုပ်ရုံး

ဖုန်း – + 66 (0) 816 808 934

Email: aasyc.ghq.pid@gmail.com